## မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင်ပြပြက္ခဒိန်

၄။ တည်နေရာနှင့် ပထဝီအနေအထား

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၆။ **ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

**၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

**၈။ စီမံချက်ဆိုင်ရာအဆိုပြုလွှာ**

**၉။ကျေးရွာကော်မတီများစာရင်း**

**၁၀။ ကိုးကားစာရင်း**

## ၁။စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၂ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကန်သာ ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေး ဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာ တွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက် လုပ်ဆောင်ရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်းနောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက် များ ထပ်ဖြည့်ပေးခြင်း ဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင် သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး

ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြု ချက်များ၊ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်းယုံကြည်ပါသည်။


နိုဝင်ဘာ လ ၊ ၂၀၁၇ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ကန်သာ ကျေးရွာ

ရေနံချောင်းမြို့နယ်

## ၂။ ကန်သာ ကျေးရွာ ၊ သယံဇာတပြမြေပုံ



## ၃။ ကန်သာ ကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



## ၄။တည်နေရာနှင့်ပထဝီအနေအထား

ကန်သာ ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် အတွင်း တည်ရှိပြီး ရေနံချောင်းမြို့နှင့် ( ၁၆ )မိုင် ခန့် တွင် တည်ရှိပါသည်။ အပူပိုင်းဒေသဖြစ်သောကြောင့် အပူဒဏ်ခံနိုင်သော နှမ်း၊ မြေပဲ၊ သီးနှံများကို မိုးဦးရာသီတွင် စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် မြေပဲ၊ ပြောင်း သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။

ရွာတွင်းကျေးရွာလမ်းများသည်လည်း မြေသားလမ်းများ ဖြစ်နေသည့်အတွက် မိုးရာသီတွင် သဲထူထပ်သဖြင့် သွားလာရခက်ခဲခြင်းနှင့် ကျေးရွာသို့သွားသောလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။

## ၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ယာမြေများမှာ မြေဆီလွှာအသင့်အတင့်သာ ကောင်းမွန်သဖြင့် တောင်သူများ အထွက် နှုန်းတိုး မလာသည်ကို တွေ့ရပါသည်။ မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးကြရပြီး သဘာဝ မြေသြဇာအဖြစ် တိရိစ္ဆာန် စွန့်ပစ်ပစ္စည်းများကိုသာ အသုံးပြုကြရပါသည်။

သဘာဝဆေးဘက်ဝင်အပင်များရှိသော်လည်း အသိပညာဗဟုသုတ နည်းပါးခြင်းကြောင့် အသုံး ပြုနိုင်မှု အားနည်းပါးသည်။ ကျေးရွာတွင် နွားစာအတွက် စားကျက်တောင် ကုန်းမြေ အနည်းငယ်သာ ရှိပါသည်။

## ၇။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကန်သာ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၅၄)စုနှင့် ကျား(၃၂၅)ဦး၊ မ(၃၈၀)ဦးဖြင့် လူဦးရေ စုစုပေါင်း (၇၀၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄.၁)ဦးနှုန်း ရှိကြောင်း တွေ့ရှိရပါ သည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာလူမျိုးများသာ နေထိုင်ကြပါသည်။

ကျေးရွာတွင် ဆယ်အိမ်မှူး ( ၁၆ )ဦး၊ ရာအိမ်မှူး( ၂ )ဦး၊ ရွာခွဲတာဝန်ခံ( ၁ )ဦး ပါဝင်သော ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့က ဦးဆောင်လျက်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆောင်ရွက်လျက်ရှိပါ သည်။ကျေးရွာ မီးဘေးကြိုတင်ကာကွယ်ရေးအတွက်အရန်မီးသတ်တပ်ဖွဲ့(၅)ဦးဖြင့်ဖွဲ့စည်းကာမီးဘေး ကာကွယ် ရေးများ ဆောင်ရွက်လျက်ရှိ ပါသည်။ ကျေးရွာတွင် ပရဟိတအဖွဲ့၊ ဓမ္မစကူး၊ယောဂီအသင်း အဖွဲ့ များ က ကျေးရွာသာရေး/နာရေး၊အလှူအတန်းနှင့် ဘာသာ ရေးတို့တွင်လှုပ်ရှား သည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သော် လည်း ယာမြေများမှာ မြေဆီ၊ မြေသြဇာအသင့်အတင့်သာကောင်းမွန်သဖြင့် အထွက်နှုန်းလျော့

နည်းပြီးဝင်ငွေနည်းပါးပါသည်။ စိုက်ပျိုးရိတ်သိမ်းပြီးချိန်တွင် အခြားမြို့များသို့ ပန်းရောင်းခြင်း လုပ်ငန်းနှင့် အခြား ဝင်ငွေရလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ကြရပါသည်။တောင်သူ မိသားစုအချို့မှာ စိုက်ပျိုးရေးနှင့် တွဲဖက်ကာ တစ်နိုင်တစ်ပိုင် ဝက်၊ နွားမွေးမြူရေး လုပ်ငန်း၊ အိမ်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာရှိ စာသင်ကျောင်းဆောင်အဆောက်အဦးတွင် ပင်မကျောင်းဆောင်သည် အသင့် အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျေးရွာ၏ ရွာတွင်လမ်း အခြေအနေမှာ မြေသားလမ်း များဖြစ်ပြီး မိုးရာသီတွင် ရေတိုက်စားမှုကြောင့် လမ်းများပျက်စီးပြီး နွေရာသီတွင် သဲများထပ်စွာကျန် ရှိနေသဖြင့် သွားလာရခက်ခဲနေကြောင်းတွေ့ရှိရပါသည်။ ရေလမ်းခရီး အသုံးမပြုဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၆၂)စီးနှင့် နွားလှည်း(၄၉)စီးတို့ကိုအသုံးပြုလျှက်ရှိပါသည်။

**(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ကန်သာ ကျေးရွာတွင် မြို့နယ်သမဝါယမဦးစီးဌာန၏ ကူညီထောက်ပံ့မှုဖြင့် စိုက်ပျိုးရေးချေးငွေ များကို တစ်လလျှင် အတိုးနှုန်း (၁.၅၀) ကျပ်နှုန်းဖြင့် စိုက်ပျိုးရေးချေးငွေများကို အရင်း/အတိုး ပေါင်း၍(၆)လပြည့်လျှင် ပြန်လည်ပေးဆပ်ရပါသည်။ ဧကနည်းတောင်သူများ ကိုတစ်ကြိမ်လျှင်(၆၀၀၀၀)ကျပ် ရရှိပြီး အထောက်အကူရရှိနေသည်ကို တွေ့ရပါသည်။ ကာလတို ချေးငွေဖြစ်သည့်အတွက် သီးနှံပေါ်ချိန် မဟုတ်လျှင် တောင်သူများ အခက်အခဲရှိနေသည်ကိုတွေ့ရှိ ရပါသည်။ ပတ်ကျန်းမာရေး၊မာရီစတုပ် ပက်ငွေချေးအဖွဲ့ တို့မှ အထောက်အကူပေးလျက်ရှိသည် ကိုတွေ့ရှိရပါသည်။

**(င) ပညာရေး**

ကျေးရွာတွင် မူလတန်းကျောင်းဆောင်(၁)ဆောင်ရှိပြီး ပင်မကျောင်းဆောင်မှာ အလျား(၆၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၁)ပေ သွပ်မိုးအုတ်ကျောင်းဆောင်(၁) ဆောင် ရှိ ပါသည်။ ကျောင်းဝင်း အတွင်း တွင် ရေလောင်းအိမ်သာ (၂)လုံးတွဲ(၁)လုံးရှိ ပါသည်။ကျောင်းသုံးပရိဘောဂများမှာပညာရေး ဌာနမှ ထောက်ပံ့ပေးခြင်းကြောင့် ပြည့်စုံလုံလောက်မှု ရှိပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ ရာသီကူးပြောင်းကာလများတွင် ကလေးများ သွေးလွန်တုပ်ကွေးရောဂါဖြစ်တတ်ပြီး အာဟာရချို့တဲ့မှုရှိသော ကလေးအနည်းငယ်သာ တွေ့ရှိရ ပါသည်။ HIV/AIDS ရောဂါဖြစ်ပွားမှု မတွေ့ရှိရပါ။ ပုံမှန်ကာကွယ်ဆေးများကို ကျေးလက်

ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်ရက်များတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသည့် အိမ်ထောင်စု(၅၉)စုနှင့် အိမ်သာမရှိသည့်အိမ်ထောင်စု (၁၉)စု ရှိကြောင်း တွေ့ရှိရပါသည်။ မြို့နှင့်နီးသောကြောင့် ကျန်းမာရေးဝန်ဆောင်မှုကောင်းသည်ကို တွေ့ရှိရပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် မြေဆီလွှာအသင့်အတင့်သာကောင်းမွန်သဖြင့် စိုက်ပျိုး ရာတွင် အဆင်ပြေမှုနည်းပါးပါသည်။ မြေဆီလွှာအနေဖြင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို အဓိက အသုံးပြုကြပါသည်။ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း ရာသီဥတု မမှန်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းလျော့နည်းပြီး အရည်အသွေး ညံ့ဖျင်းကာ ဈေးကွက်မဝင်ခြင်း၊ ငွေကြေး အခက်အခဲကြောင့် သိုလှောင်မထားနိုင်ဘဲ ရသည့်ဈေးနှင့် ရောင်းချရသောကြောင့် အမြတ်နည်းပါးပြီး အရှုံးနှင့်သာ ရင်ဆိုင်နေရပါသည်။ စိုက်ပျိုးရေ မရသဖြင့် မိုးရေကိုအဓိကထား စိုက်ပျိုးနေရပါသည်။ ကျေးရွာတွင် မြေလွတ်မြေလပ်မရှိသဖြင့် မွေးမြူရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန် အခက်အခဲ အနည်းငယ်ရှိပါသည်။ အိမ်တွင်းစီးပွားရေး လုပ်ငန်းမရှိသဖြင့် ပုံမှန်ဝင်ငွေရသောမိသားစုမရှိပါ။

ကျေးရွာသည် မြေပြန့်တွင်တည်ရှိသောကြောင့် အခြားသဘာဝဘေးအန္တရာယ်မရှိပါ။ အပူပိုင်း ဒေသဖြစ်သဖြင့် မိုးခေါင်ခြင်း၊ ရာသီဥတုမမှန်ခြင်းများသာ ကြုံတွေ့နေရပါသည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအနေဖြင့် ကျေးရွာမှ စွန့်ပစ်ပစ္စည်းများအား ယာခင်းများအား မီးရှို့၍ ဖျက်စီးခြင်း၊ မြေကျင်းတူး၍ မြှုပ်ခြင်းများနှင့် သစ်ပင်ပျိုးပင်ငယ်များ စိုက်ပျိုးခြင်းများ ဆောင်ရွက် လျက်ရှိပါသည်။

**(ဇ) ကျား – မ ရေးရာ**

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများသာမက အမျိုးသမီးများပါ ဆောင်ရွက် ကြပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့နှင့်အခြားအဖွဲ့များတွင် အမျိုးသမီးများ တက်ကြွစွာ ပါ ဝင်ပါသည်။ ကျား/မ ရေးရာပြဿနာနည်းပါးပြီး ညှင်ပန်းနှိပ်စက်မှုများ မရှိကြောင်း တွေ့ရှိရပါသည်။

| စဉ် | ဦးဆောင်အုပ်စုများ | ကဏ္ဍအမျိုးအမည်များ | ဖြစ်နိုင်ချေရှိသည့် အခက်အခဲများနှင့် ပြဿနာများ |
|---|---|---|---|
| ၁ | **ရပ်မိရပ်ဖများမှ ဦးဆောင်ဆွေးနွေးမှု** | ၁။ ထိခိုက်လွယ်မှု/ပတ်ဝန်းကျင်နှင့်သဘာဝအရင်း အမြစ်စီမံခန့်ခွဲမှု<br>၂။ အဖွဲ့အစည်းများ<br>၃။ ရွှေ့ပြောင်းလုပ်သား<br>၄။ ပညာရေး<br>၅။ အခြေခံအဆောက်အဦး<br>၆။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး | ၁။ ကျောင်းအဆင့်တိုးမြှင့်ပြီးဖြစ်၍ ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်<br>၂။ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း<br>၃။ ကျေးရွာအတွင်း မီးသတ်ရေလှောင်ကန်များ ထားရှိနိုင် ရန် |
| ၂ | **စိုက်ပျိုး/မွေးမြူရေးအုပ်စု** | ၁။ စိုက်ပျိုးရေး<br>၂။ မွေးမြူရေး | ၁။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သောသွင်း အားစုများဝယ်ယူရန် အတိုးနှုန်းသက်သာစွာဖြင့် ထုတ် ချေးနိုင်ရန်<br>၂။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာနည်းပညာသင်တန်း များ ပေးနိုင်ရန် |
| ၃ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရအုပ်စု** | ၁။ စိုက်ပျိုးရေး/မွေးမြူရေးအဟုတ်သော ဝင်ငွေရ အုပ်စု<br>၂။ ကုန်စည်နှင့် ဝန်ဆောင်မှု ဆိုင်ရာဈေးကွက်<br>၃။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်ရရှိမှု | ၁။ အလုပ်အကိုင်ရှာပါးမှုနှင့် ငွေကြေးအခက်အခဲများရှိ ပါသည်။<br>၂။ အလုပ်အကိုင်အခွင့်အလမ်းချိတ်ဆက်နိုင်မှု အားနည်း ခြင်း<br>၃။ အသေးစားချေးငွေနှင့် အတိုးနှုန်းမြင့်မားခြင်း |

| | | | |
|---|---|---|---|
| ၄ | **အမျိုးသမီးဦးဆောင်သောအုပ်စု** | ၁။ကျန်းမာရေးနှင့်ဝန်ဆောင်မှုများ၊<br>ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး<br>၂။ ကျား/မရေးရာ | ၁။ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးသူငယ်<br>များကျန်းမာရေးအခက်အခဲရှိ<br>၂။ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်<br>ကျန်းမာရေးဆိုင်<br>ရာသင်တန်းများပေးရန် |
| ၅ | **လူငယ်အဖွဲ့ဦးဆောင်သောအုပ်စု** | ၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး | ၁။ လူငယ်လူရွယ်များယဉ်ကျေးမှုနည်းပါးခြင်း<br>၂။ လူငယ်လူရွယ်များ အသိပညာဖွံ့ဖြိုးတိုးတက်ရန်<br>စာကြည့်တိုက်များမရှိခြင်း<br>၃။ ခမ္မစကူးလ်ကဲ့သို့သောနွေရာသီသင်တန်းများရှိရန်<br>လို<br>အပ်ပါသည်။ |

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်<br>စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း<br>လမ်းများ | အဆိုပြုစီမံချက်နှင့်<br>လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ကျန်းမာရေး<br>အသိပညာနည်<br>း<br>ပါးခြင်း | ဆေးပေးခန်းမရှိခြင်း၊<br>တက်ကျွမ်းသောဆရာ/<br>ဆရာမမရှိခြင်း၊<br>ဆေးရုံ/ဆေးပေးခန်းနှင့်<br>ဝေးကွာလွန်းခြင်း၊<br>ဆေးရုံ<br>ဆေးခန်းသွားလာရန်<br>ယာဉ်မရှိခြင်း၊ယင်လုံအိ<br>မ်<br>သာ များအိမ်တိုင်းစိမသုံး<br>စွဲနိုင်ခြင်း | ကျေးလက်သားဖွား<br>ဆရာမရှိခြင်း၊<br>ဆေးပေးခန်းဆောက်<br>လုပ်ရန်မြေနေရာရှိခြင်း<br>၊<br>တွင်းအိမ်သာများ<br>ရှိခြင်း | ဆေးပေးခန်းမရှိခြင်း၊<br>တက်ကျွမ်းသောဆရာ/<br>ဆရာမမရှိခြင်း၊<br>ဆေးရုံ/ဆေးပေးခန်းနှင့်<br>ဝေးကွာလွန်းခြင်း၊ ဆေးရုံ<br>ဆေးခန်းသွားလာရန်<br>ယာဉ်မရှိခြင်း၊ယင်လုံအိမ်<br>သာ များအိမ်တိုင်းစိမသုံး<br>စွဲနိုင်ခြင်း | ဆေးပေးခန်းဆောက်<br>လုပ်ခြင်း၊<br>တက်ကျွမ်းသောဆရာ<br>/<br>ဆရာမများရရှိရေး၊<br>လူနာတင်ယဉ်ထားရှိ<br>ရန်၊<br>ယင်လုံအိမ်သာများ<br>ဆောက်လုပ်ပေးရန် | -လူနာတင်ယဉ်ဝယ်<br>ယူရန်၊<br>-ယင်လုံအိမ်သာများ<br>ဆောက်လုပ်ပေးရန် |
| ၂ | သီးနှံဈေးနှုန်း<br>နိမ့်ကျမှုပြဿ<br>နာ | ဈေးကွက်အာမခံချက်မရှ<br>ခြင်းနှင့်သီးနှံဈေးကွက်<br>မြင့်သည့်အချိန်ထိ | ပွဲရုံ ဝယ်ဈေးကွက်ရှိနေ<br>ခြင်း၊သီးနှံထွက်ရှိမှုရှိ<br>ခြင်း၊ | စိုက်ပျိုးချိန်ရင်းနှီးမြှုပ်နှံ<br>မှုနှင့် ရိတ်သိမ်းပြီးရောင်း<br>ချချိန်အကြားအမြတ် | ရေရှည်အတိုးနှုန်းနည်<br>း<br>ချေးငွေ ထုတ်ချေးပေး | -ရေရှည်အတိုးနှုန်း<br>နည်းချေးငွေ<br>(စိုက်ပျိုးရေးချေးငွေ |

| | | | | | | |
|---|---|---|---|---|---|---|
| | | မစောင့်နိုင်ခြင်း၊ စိုက်ပျိုးရေးနည်းပညာဗဟုသုတနည်းပါးခြင်း၊မျိုးကောင်း/သန့်မရရှိခြင်း | | အစွန်းတွက်၍ မရခြင်း၊ ပွဲရုံဝယ်ဈေးနှင့် မဖြစ်မနေရောင်းရခြင်၊ စိုက်ပျိုးရေးနည်းပညာဗဟုသုတနည်းပါးခြင်း၊ မျိုးကောင်း/သန့်မရရှိခြင်း | ခြင်း၊စိုက်ပျိုးရေးနည်းပညာသင်တန်းများပေးခြင်း၊<br>မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးရန် | ချထားပေးရန်)<br>-မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးရန် |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း | အသက်မွေးဝမ်းကျောင်းသင်တန်းများမရှိခြင်း၊ အခြေခံပညာအားနည်းနေခြင်း၊အတက်ပညာနှင့်ကျွမ်းကျင်မှုများအားနည်းနေခြင်း | အသက်မွေးသင်တန်းများတက်ရောက်လိုသောဆန္ဒများရှိခြင်း၊ အတက်ပညာကျွမ်းကျင်သူအနည်းငယ်ရှိခြင်း | သက်မွေး:သင်တန်းပြုလုပ်မှုမရှိခြင်း၊ကျွမ်းကျင်သူများအားနည်းခြင်း | အသက်မွေးဝမ်းကျောင်းပညာများနှင့်ပတ်သက်၍ကျွမ်းကျင်သူအတက်ပညာရှင်များခေါ်ယူ၍သင်တန်း<br>း<br>များဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ခြင်း | -အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ရန် |
| ၄ | လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း | မြေအနိမ့်အမြင့်မညီညာခြင်း၊မိုးတွင်းအခါ၌ ရွံ့နွံ၊ဗွက်အိုင်များဖြစ်ပေါ်ခြင်း၊ငွေကြေးချို့တဲ့ခြင်း | မြေသားလမ်းရှိခြင်း | ရာသီမရွေးသွားလာရန်ခက်ခဲခြင်း | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | -<br>လမ်းကောင်းမွန်ရေး(မြေသားလမ်းမှ မြေနီလမ်းအဆင့်သို့) |
| ၅ | စာဖတ်သောအလေ့အကျင့်နည်းပါးခြင်း | စာဖတ်ရန်အတွက်စာအုပ်စာပေများမရှိခြင်း၊ | စာဖတ်ရန်အတွက်စာအုပ်အနည်းငယ်ရှိခြင်း | စာပေဗဟုသုတလေ့လာလိုက်စားရန်နေရာမရှိခြင်း | လူငယ်များအသိပညာဗဟုသုတကြွယ်ဝစေရန်ကျေးရွာစာကြည့် | -ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန် |

| | | | | | | |
|---|---|---|---|---|---|---|
| | | အချိန်ပိုများအားဖြုန်း<br>တီးပစ်နေခြင်း | | | တိုက်ဖွင့်လှစ်နိုင်အော<br>င်စီစဉ်ဆောင်ရွက်ခြင်း | |
| ၆ | ကျောင်းဆောင်<br>မလုံလောက်<br>ခြင်း | ကျေးရွာမှငွေကြေးမတ<br>က်<br>နိုင်ခြင်း၊ကျောင်းခြံစီးရိုး<br>သည်မိုးများ၍ သဲများ<br>မျောပါနေခြင်း | ကိုယ်ထူကိုယ်ထ တိုင်<br>ထူ/သွပ်မိုးပြီးဖြစ်ခြင်း<br>၊ကျေးရွာသူ/သားများမှ<br>စိတ်ဝင်စားမှုရှိခြင်း၊<br>ကျောင်းခြံစီးရိုးရှိခြင်း | ကျေးရွာမှငွေကြေးမတက်<br>နိုင်ခြင်း ၊<br>ကျောင်းခြံစီးရိုး<br>သည်မိုးများ၍ သဲများ<br>မျောပါနေခြင်း | လက်ရှိကျောင်းဆောင်<br>အားဆက်လက်ဆောင်<br>ရွက်ပေးရန်၊ကျောက်ရို<br>း<br>တည်ဆောက်ရန်၊ | -ကျောင်းဆောင်<br>အားဆက်လက်<br>ဆောင်ရွက်ရန်<br>-ကျောက်ရိုးတည်<br>ဆောက်ရန် |
| ၇ | တစ်နိုင်တစ်ပိုင်<br>မွေးမြူရေးမ<br>လုပ်နိုင်ခြင်း | အရင်းအနှီးမရှိခြင်း | စာကျက်မြေပေါ်များခြ<br>င်း | အရင်းအနှီးမရှိခြင်း | အခြားအဖွဲ့အစည်းမျာ<br>း<br>နှင့်ချိတ်ဆက်၍အရင်း<br>အနှီးရရှိအောင်ဆောင်<br>ရွက်ခြင်း | -<br>မွေးမြူရေးတိရိစ္ဆာန်<br>များပံ့ပိုးထောက်ပံ့<br>ခြင်း |

## ရေနံချောင်းမြို့နယ် စခန်းကန် ကျေးရွာအုပ်စု ကန်သာ ကျေးရွာ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | ကျေးရွာမှ အဆိုပြုသော စီမံချက်များ | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၃) | အမှတ်ပေးသူ (၄) | အမှတ်ပေးသူ (၅) | အမှတ်ပေးသူ (၆) | အမှတ်ပေးသူ (၇) | အမှတ်ပေးသူ (၈) | အမှတ်ပေးသူ (၉) | အမှတ်ပေးသူ (၁၀) | စုစုပေါင်းရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၁၀ | ၁၀ | ၉ | ၁၀ | ၈ | ၆ | ၁၀ | ၁၀ | ၇ | ၉ | ၈၉ | ၁ |
| ၂ | လမ်းပြုပြင်ခြင်း | ၉ | ၉ | ၁၀ | ၈ | ၁၀ | ၇ | ၅ | ၆ | ၈ | ၈ | ၈၀ | ၂ |
| ၃ | စက်ရေတွင်းသစ်တူးဖော်ခြင်း | ၇ | ၈ | ၆ | ၈ | ၇ | ၅ | ၉ | ၇ | ၆ | ၉ | ၇၂ | ၃ |
| ၄ | မီးသတ်ကန်တည်ဆောက်ခြင်း | ၈ | ၈ | ၄ | ၆ | ၆ | ၅ | ၇ | ၅ | ၄ | ၁၀ | ၆၃ | ၄ |

**ရေနံချောင်းမြို့နယ်၊စခန်းကန် ကျေးရွာအုပ်စု၊ကန်သာ ကျေးရွာ အချိန်ကာလသတ်မှတ်ချက်**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၁ | | .√ | | | |
| ၂ | လမ်းပြုပြင်ခြင်း | ၂ | | | .√ | | |
| ၃ | စက်ရေတွင်းသစ်တူးဖော်ခြင်း | ၃ | | | | .√ | |
| ၄ | မီးသတ်ကန်တည်ဆောက်ခြင်း | ၄ | | | | | .√ |

# စီမံချက်များ ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်များ ခွဲခြားသတ်မှတ်ခြင်း

ကျေးရွာအုပ်စုအမည် - စခန်းကန်　　　　　　　　ကျေးရွာအမည် - ကန်သာ　ကျေးရွာ

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်း စာနာမှု အထောက် အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၁၀၆ သိန်း | ၆ သိန်း | ၉၀ သိန်း | ၇ သိန်း | ၃ သိန်း |
| ၂ | လမ်းပြုပြင်ခြင်း | ၈၆ သိန်း | ၅ သိန်း | ၇၅ သိန်း | ၄ သိန်း | ၂ သိန်း |
| ၃ | စက်ရေတွင်းသစ်တူးဖော်ခြင်း | ၂၀၀ သိန်း | ၃၀ သိန်း | ၁၂၀ သိန်း | ၄၀ သိန်း | ၁၀ သိန်း |
| ၄ | မီးသတ်ကန်တည်ဆောက်ခြင်း | ၈၆ သိန်း | ၅ သိန်း | ၇၅ သိန်း | ၄ သိန်း | ၂ သိန်း |

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့)စီမံချက်အကြောင်းအရာ ( Project Profile)

| | |
|---|---|
| ကျေးရွာ | - ကန်သာ |
| ကျေးရွာအုပ်စု | - စခန်းကန် |
| မြို့နယ် | - ရေနံချောင်းမြို့နယ် |
| တိုင်းဒေသကြီး/ပြည်နယ် | - မကွေးတိုင်း |

စီမံချက်အမည် - ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျောင်းဆောင်နှင့်ကျောင်းသားဦးရေမမျှတ၍ ကျေးရွာမှ ဖိသိန်းနှင့်လိုအပ်သည့်လုပ်အား၊ ပစ္စည်း အချို့စိုက်ထုတ်၍ ဆောက်လုပ်ပါမည်။လိုအပ်ငွေကို သက်ဆိုင်ရာဌာနမှချထားပေးလျှင် ပြီးမြောက်အောင်မြင်နိုင်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)

ကျောင်းဆောင်သစ်ပြီးမြောက်ပါက မူလတန်းအဆင့်မှ မူလတန်းလွန်ကျောင်းအဆင့်တိုးမြှင့်ပြီးဖြစ်၍ အခြားကျောင်းသို့သွားရောက်ကျောင်းတက်ရသူကျောင်းသားဦးရေ ၈၀ယောက်ခန့် ကိုယ့်ကျေးရွာတွင် ကျောင်းတွင်တက်ရောက်နိုင်ပါမည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)

ကျောင်းဆောင်သစ်ပြီးမြောက်ပါက မူလတန်းအဆင့်မှ မူလတန်းလွန်ကျောင်းအဆင့်တိုးမြှင့်ပြီးဖြစ်၍ အခြားကျောင်းသို့သွားရောက်ကျောင်းတက်ရသူကျောင်းသားဦးရေ ၈၀ယောက်ခန့် ကိုယ့်ကျေးရွာတွင် ကျောင်းတွင်တက်ရောက်နိုင်ပါမည်။

| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း( ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) |
| --- |
| ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း (၆၀'×၃၀') |

ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| --- | --- |
| ၁၀၀ သိန်း (ငွေသား) | ကျေးလက် ဦးစီးဌာန |
| (ငွေသား) | ဦးစီးဌာန |
| (ငွေသား) | ကျေးရွာ |
| ၆ သိန်း (ပစ္စည်း/လုပ်အား) | ကန်သာ ကျေးရွာ |
| (ငွေသား) | အဖွဲ့အစည်း |
| (ပစ္စည်း/လုပ်အား) | အဖွဲ့အစည်း |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
| --- | --- | --- | --- | --- | --- | --- | --- | --- |
| | ကျား | မ | ပေါင်း | ၁ ချမ်းသာ | ၂ အလတ် | ၃ ဆင်းရဲ | ၄ အလွန်ဆင်းရဲ | ပေါင်း |
| ကျေးရွာအဆင့် | ၄၃၀ | ၄၆၀ | ၈၉၀ | ၃၁ | ၄၁ | ၄၃ | ၅၇ | ၁၇၂ |
| အကျိုးခံစားမည့်ဦးရေ | ၄၃၀ | ၄၆၀ | ၈၉၀ | ၃၁ | ၄၁ | ၄၃ | ၅၇ | ၁၇၂ |
| | | | | | | | | |

မှတ်ချက်။ ချောင်လည်အဆင့် -၁၊အလယ်အလတ်အဆင့်- ၂၊ဆင်းရဲ - ၃၊အလွန်ဆင်းရဲ -၄

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

| | |
|---|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)နှင့် တာဝန်များ<br>ဦးကျော်မင်း နာယက<br>ဦးသာဝ ဥက္ကဋ္ဌ<br>ဦးနိုင်ထူး အတွင်းရေးမှူး<br>ဒေါ်သန်းသန်းဆင့် ဘဏ္ဍာရေးမှူး<br>ဦးကျော်ရင် စာရင်းစစ်<br>ဦးဇော်မင်းထိုက် စာရင်းကိုင်<br>ဒေါ်စီစီဝေ အဖွဲ့ဝင် | |
| (၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) | လ နှစ် |
| (၃) စီမံချက်ပြီးစီးမည့်အချိန် | လ နှစ် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်<br><br>ကျေးရွာမှ လုပ်အားနှင့် လိုအပ်သည့်ပစ္စည်းအချို့ထည့်ဝင်ပါမည်။ | |
| (၅) လုပ်ငန်းလည်ပတ်ရေးနှင့်ရေရှည်ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ<br><br>- လက်ရှိဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့အစည်းမှ ဦးဆောင်၍ ရေရှည်ပြုပြင်ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းလည်ပတ်ရေးတို့အတွက် လုပ်ဆောင်ပါမည်။ | |

# ကန်သာ ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးကျော်မင်း | ၈/ရနခ(နိုင်) ဝ၄၇၉၄၂ | နာယက | 09-794731679 |
| ၂ | ဦးသာဝ | ၈/ရနခ(နိုင်) ဝ၉၂၉၁၃ | ဥက္ကဋ္ဌ | 09-792620193 |
| ၃ | ဦးနိုင်ထူး | ၈/ရနခ(နိုင်) ဝ၉၂၉၇၁ | အတွင်းရေးမှူး | 09-256207675 |
| ၄ | ဦးဇော်မင်းထိုက် | ၈/ရနခ(နိုင်) ဝ၇ဝ၇၆၁ | စာရင်းကိုင် | 09-788367991 |
| ၅ | ဦးကျော်ရင် | ၈/ရနခ(နိုင်) ၁ဝ၄၂၄၅ | စာရင်းစစ် | 09-770627077 |
| ၆ | ဒေါ်သန်းသန်းဆင့် | ၈/ရနခ(နိုင်) ၁၆၆၈၇၆ | ဘဏ္ဍာရေးမှူး | |
| ၇ | ဒေါ်စီစီဝေ | ၈/ရနခ(နိုင်) ၁၂၈၄၈၅ | အဖွဲ့ဝင် | |

# ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းလက်စွဲ (စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်) ၂၀၁၈ မတ်လ

၂။ ၂၀၁၇ ခု ဒီဇင်ဘာ ကန်သာ ကျေးရွာတွင် ကျင်းပသော ရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းမှတ်စုများ

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာအချက်အလက် မှတ်တမ်းစာအုပ်